**COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၁/၂၀၂၀) တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်မိန့်ခွန်း ကောက်နုတ်ချက်**

**နေပြည်တော်** **၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၆)ရက်**

- မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုချိတ်ဆက်မှုကောင်းမွန်စွာဖြင့် အချိန်နှင့် တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲ ကွပ်ကဲခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဌာန (Central Command Centre) ကို ယနေ့မှစတင်၍ အဆင့်မြှင့်ကာ ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း၊
- မိမိတို့မြန်မာနိုင်ငံ၌ ပြည်ပမှ ရောက်ရှိလာသူ (၃)ဦးတွင် COVID-19 ရောဂါ တွေ့ရှိနေပြီဖြစ်သဖြင့် မိမိတို့သည် လက်ရှိဆောင်ရွက်နေသော နည်းဗျူဟာများကို ပြောင်းလဲလာသည့်အခြေအနေနှင့် ကိုက်ညီစွာ မွမ်းမံပြင်ဆင်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား လျင်မြန်ပြတ်သား စွာ ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ နေ့စဉ်ထောင်ချီ၍ အစုလိုက် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေမှုအခြေအနေသည် COVID-19 ရောဂါ ကူးစက်ပျံ့နှံ့ဖြစ်ပွား ရန်အတွက် အခွင့်အလမ်းအလွန်များပြီး အန္တရာယ်လည်းကြီးမားပါကြောင်း၊
- ထို့ကြောင့် မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များ၌ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှု ပေးနေသည့် ဝန်ထမ်းများအနေဖြင့် ဤအချက်ကိုနောက်ခံထားကာ ရောဂါကာကွယ်ထိန်းချုပ် ရေး နည်းဗျူဟာများကို ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- ဤကဲ့သို့ အစုလိုက်အပြုံလိုက် ဝင်ရောက်မှုအခြေအနေသည် ကမ္ဘာ၌ အလွန်ထူးခြားသော အခြေအနေတစ်ခုဖြစ်ပြီး အဆိုပါအခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသဆိုင်ရာရုံးသို့ ဆက်သွယ်အကြောင်းကြားပြီး လိုအပ်သောအထောက်အပံ့များ ပိုမိုရရှိရန် ဆောင်ရွက်နေပါ ကြောင်း၊
- ဤသို့ဝင်ရောက်လာသော မိမိတို့နိုင်ငံသားများအနေဖြင့် မိမိတွင် ရောဂါပါလာပါက မိမိမှတစ်ဆင့် မိမိ၏ မိသားစုများ၊ မိတ်ဆွေများ၊ ရပ်ကွက်တွင်းရှိပြည်သူများအား မကူးစက်ရန် အလွယ်ဆုံး

သော နည်းလမ်းမှာ (၁၄)ရက်တာကာလ အသွားအလာကန့်သတ်ခြင်းကို အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို တိတိကျကျ နေ့စဉ်မပြတ် လိုက်နာခြင်းဖြစ်ပါကြောင်း၊

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အသွားအလာကန့်သတ်ခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ၊ သတ်မှတ်နေရာ အဆောက်အဦ (facility quarantine center) များတွင် COVID-19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဟိုတယ် quarantine center များတွင် COVID-19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များကို သေချာစွာလိုက်နာကျင့်သုံးပါက ပြည်ပမှရောဂါပိုး ကူးစက်ခံရသူများမှတဆင့် ရောဂါဆက်လက်ပြန့်ပွားမှုကို နိုင်နင်းစွာ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊

- ဤကိစ္စကို အောင်မြင်ရန် သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်ဆရာဝန်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ ရပ်ကွက်လူကြီးများက လက်ကိုင်အသံချဲ့စက်ငယ်များ၊ အသံချဲ့စက်များကို အသုံးပြုကာ သင့်လျော်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် အစရှိသည်တို့ဖြင့်လှည့်လည်၍ ပြည်သူများအား အသိပေးရမည်ဖြစ်ပါကြောင်း၊

- လက်ကိုင်အသံချဲ့စက်များ အသုံးပြု၍ ပြောကြားရမည့် COVID-19 ရောဂါနှင့်ပတ်သက်သည့် ရောဂါလက္ခဏာများ၊ ကူးစက်ပုံနည်းလမ်း၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ အသွားအလာကန့်သတ်၍ စောင့်ကြည့်ခြင်းခံရသူများ လိုက်နာရမည့်အချက်များ၊ ပြည်သူများ ဝိုင်းဝန်းကူညီရမည့်အချက်များ စသည်ဖြင့် ပြည်သူများသိရှိလိုက်နာရမည့် အဓိကလိုအပ်သည့်အချက်များကို ပြည်သူများ နားလည်ရန်လွယ်ကူသော အသုံးအနှုန်းစာသားဖြင့် ပြုစုထားရှိပြီး မိမိတို့ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ရှင်းလင်းတိကျစွာ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊

- မိမိတို့ဝန်ကြီးဌာနမှ ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာစသည့်အဆင့်တိုင်း၌ COVID-19 ရောဂါနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ပြည်သူလူထုအခြေပြု၊ ဆေးရုံအခြေပြု ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်ထွက်ပေါက်များမှ ဝင်ရောက်လာသူများ၏ ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်း၊ သတ်မှတ်နေရာ အဆောက်အဦနှင့် နေအိမ်များတွင်ထားရှိကာ

အသွားအလာကန့်သတ်ခြင်းပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ COVID–19 ရောဂါ သံသယလူနာနှင့် ဓါတ်ခွဲအတည်ပြုလူနာများ တွေ့ရှိပါက ထိရောက်စွာ ကုသပေးနိုင်ရေးအတွက် ဆေးရုံများတွင် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်မည့် ဓါတ်ခွဲပစ္စည်းကိရိယာများ မှာယူဖြည့်ဆည်းခြင်း၊ အမျိုးမျိုးသောလုပ်ငန်းလမ်းညွှန်များ ပြုစုထုတ်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများသိရှိရန်နှင့် အကြံပေးခြင်းများ ပြုလုပ်နိုင်ရန်အတွက် အဓိကကျသည့်လုပ်ငန်းများ (Key action) နှင့် ဗဟိုမှ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေးပစ္စည်း (PPE) များ ပေးပို့ထောက်ပံ့မှုအခြေအနေများကို နေ့စဉ်အသိပေးသွားတော့မည်ဖြစ်ပါကြောင်း၊

- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ပြည်သူများမှ လှူဒါန်းသောငွေကြေး၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်းကိုလည်း ပြည်သူများ သိရှိနိုင်စေရန် မိမိတို့ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၌ နေ့စဉ်ထုတ်ပြန်ကြေညာသွားတော့မည်ဖြစ်ပါကြောင်း၊
- ဗဟိုမှလည်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူရရှိသော ဆေးနှင့်ဆေးပစ္စည်းများကိုလည်းကောင်း၊ လှူဒါန်းရရှိသော ဆေးနှင့်ဆေးပစ္စည်းများကိုလည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်များ၊ ဆေးရုံများမှ တောင်းခံချက်များအား အမြန်ဆုံး၊ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊
- COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရာတွင် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ အားလုံးသိရှိနိုင်ရန်နှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများဖြင့် ဖွဲ့စည်းထားသော COVID–19 email group တွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ လူမှုရေးဝန်ကြီးများကိုလည်း ထပ်မံထည့်သွင်း၍ အသိပေးဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း၊
- ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသား ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community based facility quarantine) ဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊

- ထိုကဲ့သို့ ပြည်သူလူထုအခြေပြုကာ သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ကို စနစ်တကျ ဆောင်ရွက်သွားနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တိကျသော လုပ်ငန်းလမ်းညွှန်များ ချမှတ်ပေးကာ ပြည်သူလူထုနှင့် ရပ်ကွက်/ကျေးရွာ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊
- ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများ၏ မြန်မာနိုင်ငံအတွင်း ပြန်လည်နေထိုင်မည့် နေရပ်လိပ်စာ အတိအကျကိုရယူကာ အသွားအလာကန့်သတ်ကာ နေထိုင်စေမည့် နေရာပြမြေပုံ (Quarantine Mapping) များရေးဆွဲ၍ အသွားအလာကန့်သတ် နေထိုင်စေသည့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်လာသူများ၏ ကျန်းမာရေးအခြေအနေကို သက်ဆိုင်ရာ မြို့နယ်ဆရာဝန်များသည် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး၊ ရပ်ရွာပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုရယူကာ နေ့စဉ် စောင့်ကြည့်သတင်းရယူပြီး အဆင့်ဆင့်ဆက်သွယ်အကြောင်းကြားရမည်ဖြစ်ပါကြောင်း၊
- ဓါတ်ခွဲအတည်ပြုလူနာများ တွေ့ရှိပါက အဆိုပါလူနာ နေ့ရက်အလိုက် သွားရောက်ခဲ့သည့်မြို့များ၊ နေရာများ၊ စီးနင်းခဲ့သည့်ယာဉ်များကို စုံစမ်းဖေါ်ထုတ်ကာ အများပြည်သူသိရှိအောင် သတင်းစာ၊ တီဗီ၊ ရေဒီယို၊ အင်တာနက်စာမျက်နှာတွင် ကြေညာခြင်းဖြင့် ထိုသူနှင့် ထိတွေ့၊ နီးစပ်ခဲ့သူများကို အသိပေးဖေါ်ထုတ်နိုင်မည် ဖြစ်ပါကြောင်း၊
- ယခုအချိန်အခါတွင် မြို့နယ်ဆရာဝန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပြီး ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လမ်းညွှန်ချက်များကို မိမိဒေသအခြေအနေနှင့် ကိုက်ညီစွာဖြင့် ထိရောက်စွာ စီမံဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊
- တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများအနေဖြင့်လည်း ဝန်ထမ်းများကို လိုအပ်သလို သင့်လျော်သောနေရာများတွင် ခေတ္တပြောင်းလဲတာဝန်ထမ်းဆောင်စေပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန်ဖြစ်ကြောင်း။

**အစည်းအဝေးသို့ တက်ရောက်သူများစာရင်း–**

- ဒုတိယဝန်ကြီး
- အမြဲတမ်းအတွင်းဝန်
- ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ။

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။)